နောက်ဆက်တွဲ (က)

**Original Group Co.,Ltd မှ နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် Mount Pleasant Hotel ဝန်ဆောင်မှုလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Original Group Co.,Ltd မှ နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၊ ဦးပိုင်အမှတ် H-၁၊ မြေဧရိယာ (၁၁၁.၉၂၃) ကေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် Mount Pleasant Hotel ဝန်ဆောင်မှုလုပ်ငန်းအတွက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၏ ၃၀-၁၁-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ နပတ/၁/၁/၃၀ (၂၄၆၉ (ဂ)/ ၂၀၂၃) ဖြင့် တင်ပြခဲ့သည့် အပြီးသတ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်ပါသည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးသာဌေး၊ ဒါရိုက်တာ၊ Original Group Co.,Ltd၊ အမှတ် (၁၈) C၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြားလမ်း (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉ ၅၀၂၃၃၂၀၊ ၀၉ ၄၃၀၃၈၃၇၁ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** Mount Pleasant ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းတွင် အခန်း အမျိုးအစားပေါင်း (၉) မျိုးရှိပြီး အခန်းအရေအတွက်ပေါင်း (၆၇) ခန်း ရှိကြောင်း၊ လုံခြုံရေးဂိတ်၊ ဧည့်ကြိုကောင်တာ၊ မီးဖိုချောင်၊ အားကစားတင်းနစ်ကွင်း၊ ရေကူးကန်၊ Spa & Ban အများသုံးအိမ်သာ၊ လျှောက်လမ်း၊ လမ်းသွယ်များနှင့် ပန်းခြံဥယျာဉ်၊ အဆောက်အဦများနှင့် အပန်းဖြေစရာနေရာများ ရှိပါကြောင်း၊ ဝန်ထမ်းများအတွက် အိမ်ယာများ စီစဉ်ထားပြီး အလျား ၆၉ ပေ၊ အနံ ၅၈ ပေနှင့် အမြင့် ၁၀ ပေခန့်ရှိသည့် Pool Villa တစ်ခု ရှိပါကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်အနေဖြင့် အခန်းကြိုမှာခြင်း၊ ဧည့်သည်များမရောက်မီ အခန်းကြိုတင်ပြင်ဆင်ခြင်း၊ ဧည့်ကြိုကောင်တာတွင် စာရင်းသွင်းခြင်း၊ ဧည့်သည်များအတွက် ဝန်ဆောင်မှုများပေးခြင်း၊ ဧည့်သည်များမပြန်မီ အခန်း စစ်ဆေးခြင်းနှင့် အခန်းသန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဆိုပြုစီမံကိန်းသည် ဝန်ထမ်းအင်အား (၁၅၇) ဦးဖြင့် လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ လိုအပ်သော သုံးရေကို နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှ ပေးပို့သည့်ရေနှင့် စီမံကိန်းအတွင်းရှိ အဝီစိတွင်းနှစ်တွင်းမှ ရေတို့ကိုသုံးစွဲမည်ဖြစ်၍ ဟိုတယ်နှင့် အပန်းဖြေစခန်းအတွက် တစ်နှစ်လျှင် ရေဂါလန် (၆၂,၀၅၀,၀၀၀) ခန့် အသုံးပြုမည်ဖြစ် ကြောင်း၊ ဝန်ထမ်းများအတွက် သောက်သုံးရေကို KTM သောက်ရေသန့်ကုမ္ပဏီမှ ဝယ်ယူသုံးစွဲကြောင်း၊ လျှပ်စစ်ဓာတ်အားကို ဥတ္တရသီရိ (11KV) လျှပ်စစ်ဓါတ်အားလိုင်းမှရယူပြီး 500 KW ရှိသော ထရန်စဖော်မာ တစ်လုံးဖြင့် အသုံးပြုကြောင်း၊ လျှပ်စစ်ဓါတ်အား အသုံးပြုမှုပမာဏမှာ (၁) နှစ်လျှင် ပျှမ်းမျှ 176,139

